# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၂)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ၄–၇–၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၃

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၂(MICC-II)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ငွေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊

စာမျက်နှာ ၄ သို့



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်ယုယုနိုင်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃

| | | |
|---|---|---|
| ဟိုင်းကြီးကျွန်း | ၆ ဒသမ ၅၀ | လက်မ |
| မာန်အောင် | ၆ ဒသမ ၃၄ | လက်မ |
| စစ်တွေ | ၄ ဒသမ ၅၇ | လက်မ |
| ဟုမ္မလင်း | ၂ ဒသမ ၈၃ | လက်မ |
| မော်လမြိုင်ကျွန်း | ၂ ဒသမ ၅၆ | လက်မ |
| လပွတ္တာ | ၂ ဒသမ ၃၂ | လက်မ |
| လှည်းကူး | ၂ ဒသမ ၂၈ | လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၂၈ | လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၂၅ | လက်မ |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

### ယနေ့ ဖတ်စရာအညွှန်း

**ရောဝတီဆင်ကြီးထက် တက်စီးလို့အောင်ပန်းပန်** (ဆောင်းပါး)

စာမျက်နှာ ၁၀

**ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့်မျှတသော ဈေးကွက်ဖြစ်စေရန် ဇူလိုင်လအတွက် ဆန်ရည်ညွှန်းဈေးနှုန်း ထုတ်ပြန်**

စာမျက်နှာ ၁၃

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ကြာသပတေးနေ့။

မန္တလေးနေ့စဉ်

# စားသောက်ကုန်များအား အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံအတွင်းရှိ လူဦးရေအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား စံချိန်စံညွှန်း အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော် သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေး၊ အမျိုးသားရေးရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် MSME အသေးစားနှင့် အလတ်စားထုတ်ကုန်လုပ်ငန်းများစွာရှိသည့်အနက် အသင့်ထုပ်ပိုးပြီးထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများ၊ ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် စစ်ဆေးပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်အောင် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းအတွက်သာမက ပြည်ပသို့ပါ တင်ပို့နိုင်ရေးအတွက် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ဖြန့်ချိချိန်အထိ စနစ်တကျဆောင်ရွက်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာ့စားသောက်ကုန်အချို့ကို နိုင်ငံတကာသို့ တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အနေဖြင့် စားသောက်ကုန်ဆိုင်ရာ ဝန်ထမ်းများအား ခေတ်ကာလနှင့်အညီ စွမ်းရည်မြှင့်တင်ပေးခြင်း၊ ပြည်တွင်းစားသောက်ကုန်များ၏ စံချိန်စံညွှန်းများကို ရေးဆွဲအတည်ပြုပေးခြင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များအား ပြင်ဆင်ရေးဆွဲရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စားသောက်ကုန်များအား အရည်အသွေး စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် ကောင်းကျိုးများကို ပေးဆောင်နိုင်မည်လည်းဖြစ်သည်။ စံချိန်စံညွှန်းမီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည့်အပြင် နိုင်ငံတကာဈေးကွက်ကိုပါ ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြု စာနယ်ဇင်းအရောင်းဆိုင်ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၃**

(၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် ဓမ္မသံတော်ဆင့် စာပေဖြန့်ချိရေးတို့ ပူးပေါင်းဆောင်ရွက်သည့် ''စာနယ်ဇင်းအရောင်းဆိုင်''ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ချမ်းမြသာစည်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းနှင့် မဟာမုနိဘုရားလမ်းထောင့်ရှိ ရတနာပူရမြန်မာ့လက်မှုနှင့် အနုပညာဗိမာန်တွင် ကျင်းပသည်။



စာနယ်ဇင်းအရောင်းဆိုင်ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် ဓမ္မသံတော်ဆင့် စာတည်းမှူးချုပ် ဦးကျော်စွာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက စာနယ်ဇင်းအရောင်းဆိုင်အတွင်း ခင်းကျင်းရောင်းချသည့် သုတရသစာအုပ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာစာအုပ်များ၊ ဘာသာရေးဆိုင်ရာစာအုပ်များကို လည်းကောင်း၊ ခေတ်အဆက်ဆက် သတင်းစာများကို လည်းကောင်း၊ ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်အရောင်းဆိုင်တွင် ခင်းကျင်းပြသထားသော ပန်းဆယ်မျိုး မြန်မာ့ဆယ်ပွင့်ပန်းပြခန်းနှင့် အမှတ်တရပစ္စည်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး တက္ကသိုလ်များရှိ စာကြည့်တိုက်များနှင့် ဗြဟ္မစိုရ်စာကြည့်တိုက်သို့ ဓမ္မသံတော်ဆင့်ပေါင်းချုပ်စာအုပ်များ လက်ဆောင်ပေးအပ်ခဲ့သည်။

(၀၄၅)



## သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**မန္တလေး ဇူလိုင် ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ပိဋကရာမဘုရား ဓမ္မာရုံတွင် သန်း ခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်ရာ ရပ်ကွက်နေပြည်သူ ၁၀၀ ဦးခန့် တက်ရောက်ကြသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များ ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြပြီး တက်ရောက်လာသူများအား သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှပေးကြကြောင်း သိရသည်။

(၀၉၃)

၀-၀-၀-၀-၀

## ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပေးမည်

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်၊ ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေး လုပ်ငန်းကော်မတီသည် လုပ်ငန်းကော်မတီတွင် မှတ်ပုံတင်ထားသည့် ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်များ၏ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်ကြားနေသော သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် ၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်သူများအတွက် ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်၍ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု လျှောက်ထားလိုသူများသည် ယကက(ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်)ရုံး၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)တွင် လျှောက်လွှာများ အခမဲ့ထုတ်ယူပြီး (၂၀-၇-၂၀၂၄)ရက် နောက်ဆုံးထား ပေးပို့ကြပါရန် အသိပေးကြေညာထားကြောင်း သိရသည်။

(ကဆ)

## ကျောက်ပန်းတောင်းမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ယနေ့ နံနက် ၉ နာရီက ပြည်တော်သာရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(GTI)ရှိ ပုပ္ပားသုံးထပ်ဆောင်ရှေ့ကွင်းပြင်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းဇော်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး ဒေါက်တာရီရီမွန်နှင့် ဌာနဆိုင်ရာများထံ ပျိုးပင်များ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၃၀ ဦးတို့က ကျွန်း၊ ယင်းမာ၊ တမာ၊ မယ်ဇလီ၊ စိန်ပန်းနီ၊ ရေတမာ၊ ပိတောက်၊ ခရေ၊ မယ်ဇယ် အစရှိသည့် ပျိုးပင် စုစုပေါင်း ၃၀၀ ကို တပျော်တပါး စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

(၄၅၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# အမျိုးသမီးများ၏အခွင့်အရေးများနှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီ အပြည့်အဝကာကွယ်စောင့်ရှောက် အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်

## မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

( ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။

အားလုံးမင်္ဂလာပါ

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့လည်း ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှာရှိတဲ့ မြန်မာနိုင်ငံရဲ့ ခန့်မှန်းလူဦးရေ ၅၆ ဒသမ ၂ သန်းအနက် အမျိုးသမီးပါဝင်မှုဟာ ၂၉ ဒသမ ၄ သန်းဖြစ်တဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့ ပြည်ထောင်စုဖြစ်တာနဲ့အညီ မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနဲ့ သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား အမျိုးမျိုးရှိကြပေမယ့်လည်း အမျိုးသမီးများအပါအဝင် တိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်စွာနဲ့ ချစ်ခင်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးတွေဟာ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်မှာ အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ ပါဝင်ခဲ့ကြပါတယ်။ ဒီနေ့ကာလပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြရာမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒီနေ့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီနေ့မှာ ကဏ္ဍအသီးသီးက စွမ်းဆောင်ရည်ရှိတဲ့ ထူးချွန်အမျိုးသမီးတွေကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်း ဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုပါကြောင်းနဲ့ အမျိုးသမီးများဘဝ သာယာလှပကြပြီး အစစအရာရာအဆင်ပြေပါစေကြောင်း ဆန္ဒပြုဆုတောင်းအပ်ပါတယ်။

၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့ ဘေဂျင်းကြေညာစာတမ်းမှာ လုပ်ငန်းနယ်ပယ်အသီးသီးက အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတိုင်းမှာ အမျိုးသမီးကော်မတီများဖွဲ့စည်းရန် ဆိုတဲ့အချက်ပါရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ လေးစားဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ရည်ရှိတဲ့ မြန်မာအမျိုးသမီးတွေကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်ကစပြီး ဇူလိုင်လ (၃)ရက်နေ့မှာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွေကို နှစ်စဉ်ကျင်းပခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်မှာ မူလတန်းကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနဲ့ သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့ပါဝင်ပြီး ပညာရေးကဏ္ဍ နိမ့်ကျနေမှုကိုမြှင့်တင်ဖို့ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေတဲ့ကလေးတိုင်း အနည်းဆုံး အခြေခံပညာအဆင့်မှာ KG+9 အထိ ပြီးမြောက်အောင် သင်ယူရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အချိန်မတိုင်မီ ကျောင်းမထွက်ကြစေရေး၊ တန်းစဉ်ကူးပြောင်းမှု မလျော့နည်းစေရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာနဲ့ အဆင့်မြင့်ပညာများကို သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ကျား၊ မ ခွဲခြားမှုမရှိဘဲ တန်းတူရည်တူ ပညာသင်ကြားခွင့်ရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ အသက် ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်း ကျောင်းလုံးဝမနေဖူးသူအဖြစ် အမျိုးသား ၁၀၀ မှာ ၆ ဒသမ ၅ ဦးနဲ့ အမျိုးသမီး ၁၀၀ မှာ ၉ ဒသမ ၄ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ အသက် ၂၅ နှစ်နဲ့အထက် လူဦးရေရဲ့ အမြင့်ဆုံးအောင်မြင်ပြီးစီးခဲ့တဲ့ အတန်းပညာကို စစ်တမ်းကောက်ယူခဲ့ရာ မူလတန်းအဆင့်မှာ အမျိုးသား ၄၂ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၁ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ အမျိုးသား ၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်မှာ အမျိုးသား ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်တွဲ့ရအဆင့်မှာ အမျိုးသား ၉ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ ဒါဟာ ပညာရေးကွင်းဆက်တစ်လျှောက်မှာ ကျောင်းထွက်မှုနှုန်းများပြီး ပညာတတ်သူ နည်းပါးလာမယ့် အခြေအနေဖြစ်တဲ့အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အမျိုးသမီးများရဲ့ ပညာရေးကဏ္ဍ ယခုထက်ပိုပြီး မြင့်မားလာစေရေးကိုလည်း အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ပညာရေးကဏ္ဍမှာ တစ်ဆက်တည်းလေ့လာကြည့်ရင် ကျောင်းပညာ တက်ရောက်သင်ကြားနေသူ အခြေခံပညာကဏ္ဍမှာ အမျိုးသမီး ၅၀ ဒသမ ၇၆ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၆၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၄၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဆေးနဲ့နီးနွယ်ပညာမှာ ၇၀ ဒသမ ၄၄ ရာခိုင်နှုန်း ပညာသင်ကြားနေတာတွေ့ရှိရပြီး ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူမှာ ၆၄ ဒသမ ၃၁ ရာခိုင်နှုန်းက အမျိုးသမီးများဖြစ်ကြတာတွေ့ရပါတယ်။ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများကိုကြည့်ရင်အမျိုးသမီးများအနေနဲ့ အခြေခံပညာမှာ ၈၃ ဒသမ ၆၉ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၈၇ ဒသမ ၈၉ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၈၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဆေးနဲ့နီးနွယ်ပညာမှာ ၈၀ ဒသမ ၃၉ ရာခိုင်နှုန်း သင်ကြားရေးတာဝန်ထမ်းဆောင်နေတဲ့အတွက် အမျိုးသမီးများပါဝင်မှုပမာဏ ကြီးမားကြောင်း တွေ့ရှိရပါတယ်။

ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ ကွာခြားချက်မကြီးမားစေရေးအတွက် အတတ်ပညာတတ်မြောက်ပြီး အသိပညာပြည့်စုံတဲ့ ပညာတတ်များ ပေါ်များဖို့လည်း လိုအပ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့ အတတ်ပညာရဖို့ လွယ်ကူမှာဖြစ်ပြီး လူငယ်များ မိမိခြေထောက်ပေါ် ရပ်တည်နိုင်စေဖို့အတွက် အသိပညာများ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ အဲဒီလို ပညာရည်မြင့်မားရေးနဲ့ လူငယ်များ ဗလငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးမှာ မိခင်များ၊ စာမျက်နှာ ၄ သို့ ○

☆ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးတွေဟာ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်မှာ အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ ပါဝင်ခဲ့ကြ

☆ ဒီနေ့ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြရာမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်






မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

✪ ရှေ့ဖုံးမှ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ အမျိုးသမီးများဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မိန့်ခွန်းပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ်(၁၂)ရပ် Video Clip ကို ပြသသည်။

စာမျက်နှာ ၅ သို့ ✪



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

○ စာမျက်နှာ ၃ မှ

ဆရာမများဖြစ်ကြတဲ့ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

၂၀၂၃ ခုနှစ် မြန်မာစာရင်းအင်းလက်စွဲအရ ၂၀၂၀-၂၀၂၃ လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာအရ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ အသက်(၂၅)နှစ်ကနေ (၂၉)နှစ်ကြား အုပ်စုဟာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိရာခိုင်နှုန်းအနေနဲ့ ၂၀၂၃ ခုနှစ်မှာ အမျိုးသားများရဲ့ အလုပ်အကိုင်ရရှိမှုက လယ်ယာကဏ္ဍမှာ ၄၉ ဒသမ ၇၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၉ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍမှာ ၃၀ ဒသမ ၈၆ ရာခိုင်နှုန်း လုပ်ကိုင်လျက်ရှိပြီး အမျိုးသမီးများရဲ့ အလုပ်အကိုင်ရရှိမှုမှာ လယ်ယာကဏ္ဍမှာ ၄၂ ဒသမ ၀၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းတို့ရှိတာကိုလည်း တွေ့ပါတယ်။ ကဏ္ဍအလိုက် အမျိုးသမီးများရဲ့ ပါဝင်မှု တိုးမြင့်လာအောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်မှာပါဝင်တဲ့ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ဖြစ်တဲ့ မိခင်သေဆုံးမှုနှုန်း လျှော့နည်းကျဆင်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နဲ့ မွေးဖွားပြီးချိန်တစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ မိခင်ဘဝရရှိစေဖို့ အလွန်အရေးကြီးပါတယ်။ ဝေးလံပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ ဒေသတွေမှာ နေထိုင်ကြသူများအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိစေဖို့ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်း၊ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးအသိပညာများ တိုးတက်လာစေရန် အသိပညာပေးစာစောင်များ ပြုစုထုတ်ဝေဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးနဲ့ ကျား၊ မ တန်းတူညီမျှမှုကို အဟန့်အတားဖြစ်စေတဲ့ လူမှုရေးစံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဟာ ကျား၊ မ ရေးရာကွာဟချက်ဖြစ်ပေါ်စေနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကို အသိအမှတ်ပြုပြီး ရသင့်ရထိုက်တဲ့အခွင့်အရေးများကို လက်လှမ်းမီရရှိစေဖို့ အလေးထားဖော်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးများနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေနဲ့အညီ အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၂၃ ခုနှစ်မှာ UN Womenနဲ့ UNDP တို့ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ **“ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများစွမ်းဆောင်နိုင်မှုနဲ့ ကျား၊မ တန်းတူညီမျှရေးလေ့လာဆန်းစစ်ချက်အစီရင်ခံစာ”**အရ ညွှန်းကိန်းများအနေနဲ့ သုည ဒသမ ၈ အထက်က အမြင့်ဆုံးဖြစ်ပြီး သုည ဒသမ ၆ အထက်ဟာ အလယ်အလတ်ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများ စွမ်းဆောင်နိုင်မှု ညွှန်းကိန်းမှာ သုည ဒသမ ၅၁၈၊ ကျား၊ မ ရေးရာညွှန်းကိန်းမှာ သုည ဒသမ ၅၉၈ တို့ဖြစ်တဲ့အတွက် အလယ်အလတ်အဆင့်ရဲ့ အောက်နားမှာ ရှိနေပါတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းအနေနဲ့ကတော့ သုည ဒသမ ၅၅၀ နဲ့ သုည ဒသမ ၆၉၉ ကြားရှိတဲ့အတွက် အလယ်အလတ်အဆင့်မှာရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသမီးတွေကို ကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ပြည့်ဝပြီး ကျား၊ မ တန်းတူရည်တူပါဝင်နိုင်မှု ပိုမိုတိုးတက်မြင့်မားရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် မတ် ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို **“အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး”** ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ကျင်းပခဲ့ပါတယ်။ ဒီဆောင်ပုဒ်ကတော့ နိုင်ငံတွေအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘဏ္ဍာငွေအပါအဝင် ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ လမ်းညွှန်မှုနဲ့အညီ အမျိုးသမီးတွေကို နည်းမျိုးစုံနဲ့ ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကတိကဝတ်များနဲ့ အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နဲ့အညီ ရေးဆွဲထားတဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရဲ့ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်း ကတိကဝတ်များနဲ့ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ဖြစ်တဲ့ ကျား၊ မ တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များအားလုံး စွမ်းပကား တိုးမြင့်စေရေးတို့နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းစဉ်တွေမှာ ရည်မှန်းချက်ပန်းတိုင် ပြည့်မီဖို့ ဆက်လက်အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့ကြောင့် မြန်မာအမျိုးသမီးများရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ဂုဏ်ရည်များဟာ ခေတ်အဆက်ဆက် ထင်ရှားပေါ်လွင်ခဲ့တာမို့ ဆက်လက်ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါတယ်။ အမျိုးသမီးများကဏ္ဍ မြင့်မားရေး၊ အမျိုးသားများနဲ့ရင်ပေါင်တန်းပြီး တွဲလက်ညီညီနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ကဏ္ဍစုံမှာ အင်တိုက်အားတိုက် ပူးပေါင်း ပါဝင်နိုင်ဖို့နဲ့ တစ်ဦးချင်းစီမှသည် မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ **အားလုံးကိုကျေးဇူးတင်ပါတယ်။**

✪ စာမျက်နှာ ၄ မှ

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးဆုများကို ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ်ဒေါ်ယုယုနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံး ကျောင်းသားဆုရရှိသူ ဗိုလ် ဒေါ်ဖူးမော်သန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီး ဒေါ်ဝါဝါမော်တို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ဒုတိယရဲမှူးကြီး မိုးမိုးထွန်းနှင့် မသန်စွမ်းအမျိုးသမီးအားကစား ထူးချွန်ဆုရရှိသူ မလော်လာဝင်းတို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းနှင့် ဝိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မအေးချမ်းပြည့်မွန်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိကြသူများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌတို့က အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အမျိုးသမီး ကော်မတီ"သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ရွှေမြန်မာ သာယာငြိမ်းချမ်း" တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ဒုတိယရဲမှူးကြီး မိုးမိုးထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး ဇူလိုင် ၃**

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များ တက်ရောက်ကြပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များက ဂုဏ်ပြုအဖွင့်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြု အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သည့် စွမ်းဆောင်ရည်ကောင်းများ၊ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များနှင့် အရေးပါသည့် အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရန် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြု အလေးထား ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်းကာ လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ထူးချွန်ထက်မြက်စွာ နိုင်ငံ့အကျိုးကို သယ်ပိုးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် အလွန်အဖိုးတန်သည့် လူသားအရင်းအမြစ်များ ဖြစ်ပါကြောင်း၊ အမျိုးသမီးများ၏ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးရန်၊ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးရန် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းမှတ်တိုင် video clip ပြသမှုကို ကြည့်ရှုခဲ့ကြသည်။

ငင်းနောက် လူမှုရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍတို့တွင် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကဏ္ဍများအလိုက် ဆုရရှိသူများကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ဌာနငယ်သင်တန်းကျောင်းများမှ အမျိုးသမီးငယ်များက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေခဲ့ကြသည့် အဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခန်းမတွင် ပြသထားသည့် သင်တန်းကျောင်းများမှ ကျောင်းသူများ၏ လက်မှုပစ္စည်းများနှင့် အသင်းအဖွဲ့များ၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











☆ စာမျက်နှာ ၂၄ မှ

တံတားဦးမြို့နယ်တွင် မိုးစပါး ၁၄၅၇၅ ဧက၊ မိုးပဲမျိုးစုံ ၁၂၅၉၁ ဧက၊ မိုးဆီထွက်သီးနှံစုံ ၄၅၆၉၄ ဧက၊ မိုးစားဖိုဆောင် ၈၃၅ ဧက၊ မိုးအခြားသီးနှံဖြစ်သည့် နှံစားပြောင်း၊ ဖူးစားပြောင်း၊ ကွဲနွားစာအဖြစ် ၅၉၈၉၂ ဧက၊ မိုးဝါမျိုးစုံ ၄၈၇၀ ဧက၊ မိုးကြံ ၈၁ ဧက၊ သစ်သီးနှစ်ရှည်ပင် ၇၂၃၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကနေဒီထွန်းထံမှ သိရသည်။

(၄၀၉)

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များထွက်ပေါ်

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင်

| | | | | | |
|---|---|---|---|---|---|
| အာဂျင်တီးနား | - | အီကွေဒေါ | ဥရုဂွေး | - | ဘရာဇီး |
| ဗင်နီဇွဲလား | - | ကနေဒါ | ကိုလံဘီယာ | - | ပနားမား |

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကို လာမည့် ဇူလိုင် ၅၊ ၆၊ ၇ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၁၀၊ ၁၁ရက်နှင့် ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၅ရက်တွင် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(NGB)

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





နေပြည်တော် ဇူလိုင် ၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနား ကို ယနေ့ နံနက် ၈ နာရီတွင် နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ဥက္ကဋ္ဌရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထား သောဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်း သူများ တက်ရောက်ကြသည်။

### ခေါင်းဆောင်ကောင်းများပီသစွာ

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌက သင်တန်းကို နိုင်ငံတော်၏မူဝါဒ၊ လုပ်ငန်းစဉ်များကို ကောင်းစွာသိရှိစေရန်၊ ကောင်းမွန် သောအုပ်ချုပ်မှုစနစ် သဘောတရားကို နားလည် ပြီး သန့်ရှင်းသောအစိုးရအကောင်အထည်ဖော်ရာ၌ အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ အုပ်ချုပ်မှု ယန္တရားအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စီမံ ခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများရရှိစေပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ တို့ကိုသိရှိကာ စီမံခန့်ခွဲရေးလုပ်ငန်း တာဝန် ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာ တတ်စေရန်၊ စီမံခန့်ခွဲမှုဆိုင်ရာ အယူအဆသစ်များကို လေ့လာသိရှိပြီး မိမိတာဝန်ယူရသည့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဦးဆောင်နိုင်မှုစွမ်းရည် မြင့်မားလာစေရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုး စီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏အဆင့်မြင့် တာဝန်များကို ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများနှင့် အဆင့်မြင့်အရာရှိကောင်းများ ပေါ်ထွက်လာစေရေး အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် ဘက်ပေါင်းစုံ မှ စဉ်းစားတွေးခေါ် မြော်မြင်တတ်စေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

### ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်

ယခုသင်တန်းကရရှိခဲ့သည့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံများကို မိမိတို့ လုပ်ငန်းခွင် တွင် အကျိုးရှိရှိအသုံးချကြရန်၊ နိုင်ငံတော်စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၏ စီမံ အုပ်ချုပ်မှုယန္တရားအတွင်း ကျရာကဏ္ဍမှ စေတနာ ထား၍ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် တာဝန်ကျေပွန် စွာ ဆောင်ရွက်ကြရန်နှင့် မိမိတို့လုပ်ငန်းတာဝန်များ ကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်း ရှိသူများအဖြစ် အစဉ်ကြိုးပမ်း ထမ်းဆောင်ကြ ရန် တိုက်တွန်းမှာကြားခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်သည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်း အမှတ်စဉ်(၁၅)သို့ သင်တန်းသား သင်တန်းသူ ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇) သို့ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက် ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ဇူလိုင် ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

သတင်း-စာမျက်နှာ ၆

















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ရေကင်းများ ချထားမှုအခြေအနေနှင့် ရေဆိုးစုပ်ထုတ်နေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်အတွင်းရှိ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ရေကင်းများ ချထားရှိမှုအခြေအနေနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ရေဆိုးစုပ်ထုတ်စက်ရုံများမှ ဧရာဝတီမြစ်အတွင်း စုပ်ထုတ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံ၊ မဟာအောင်မြေနှင့် အမရပူရစသည့်ခရိုင်များအတွင်းရှိ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ရေကင်းများ ချထားရှိမှုအခြေအနေများနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တာဝန်ရှိသူများက မြစ်ရေမြင့်တက်နေမှု၊ ရေကင်းများချထားမှုနှင့် ကဏ္ဍများအလိုက် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မျှော်မှန်းမရသည့် သဘာဝဘေးများကြုံတွေ့လာပါက ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှု နည်းနိုင်သမျှနည်းအောင်နှင့် ဖြစ်ပေါ်လာသည့် အခြေအနေပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ကူညီပံ့ပိုးပေးနိုင်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်တို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရခရိုင်အတွင်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေဆိုးစုပ်ထုတ်စက်ရုံ အမှတ်(၂)(ရွှေခဲ)သို့ ရောက်ရှိပြီး ဧရာဝတီမြစ်အတွင်းသို့ စုပ်ထုတ်နေမှုများကိုကြည့်ရှုရာ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မိုးတွင်းကာလတွင် ရပ်ကွက်များအတွင်း ရေဝပ်ရေလျှံဖြစ်ပေါ်မှုများ လျော့နည်းရေးအတွက် ရေဆိုးစုပ်ထုတ်စက်ရုံ ၉ ခုမှ စုပ်ထုတ်ပေးမှုအခြေအနေနှင့် စက်များကြံ့ခိုင်မှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၃**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝင်းမျိုးထွန်းက အမှာစကားပြောကြားပြီးနောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ဝ၉၃)**

# နှုတ်ပိတ်ခပေးခဲ့သည်ဟု စွဲဆိုခံရသောအမှုအတွက် ထရမ့်ကို စက်တင်ဘာလရောက်မှ စီရင်ချက်ချမည်



**ဝါရှင်တန် ဇူလိုင် ၃**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့် နှုတ်ပိတ်ခပေးခဲ့သည်ဟု စွဲဆိုခံရသော အမှုနှင့် ပတ်သက်၍ လွန်ခဲ့သောမေလတွင် နယူးယောက်တရားရုံး၏ တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှားတွေ့ရှိသည်ဟု ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်သည်။

တရားရုံးချုပ်က ဇန်နဝါရီ ၆ ရက်အမှုတွင် စွဲဆိုခံရသူ ဒေါ်နယ်လ်ထရမ့် အပြစ်မရှိကြောင်း ဆုံးဖြတ်ကာ အနိုင်ဒီကရီပေးလိုက်ပြီးနောက် ၎င်း၏ ရှေ့နေများက နယူးယောက်တရားရုံးနှင့်ဆက်သွယ်၍ စာဒကတက်ခဲ့ကြသည်။

ထိုစာဒကအပေါ်အခြေခံကာ စီရင်ချက်ချမည့်နေ့ရက်ကို စက်တင်ဘာ ၆ ရက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း တရားသူကြီး ဂျူယန်မာချန်က ဇူလိုင် ၂ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

နှုတ်ပိတ်ခပေးခဲ့သည်ဟု စွဲဆိုခံရသောအမှုနှင့် တစ်ပေါင်းတည်းတွေ့ရှိခဲ့သည့် ဒေါ်နယ်လ်ထရမ့်၏ ပြစ်ချက်ပေါင်း ၃၄ ချက်နှင့် ပတ်သက်၍ ဇူလိုင် ၁၁ ရက်တွင် စီရင်ချက်ချရန် မူလက စီစဉ်ထားခဲ့သည်။

ယင်းပြစ်ချက်အားလုံးကို လာမည့် သမ္မတရွေးကောက်ပွဲ မတိုင်မီ ပလပ်နိုင်ရန်အတွက် ထရမ့်၏ ရှေ့နေများ ဆက်လက်ကြိုးစားနေကြောင်း သိရသည်။

**Mon**

# အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးအောင်ထောက်ပံ့ပေးမည်ဟု တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ပြောကြား



**ဆိုးလ် ဇူလိုင် ၃**

တစ်နိုင်ငံလုံးရှိ အသေးစား လုပ်ငန်းများဖွံ့ဖြိုးအောင် အစိုးရအနေဖြင့် ဘဏ္ဍာရေးထောက်ပံ့ပေးမည်ဟု ဇူလိုင် ၃ ရက်က တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘဏ်တိုးနှုန်းမြင့်နေသဖြင့် အသေးစားလုပ်ငန်းများ ခက်ခဲသည့်အခြေအနေအရပ်ရပ်နှင့် ကြုံတွေ့နေရဆဲဖြစ်သည်ကို မိမိတို့သိရှိကြောင်း နှစ်လယ်စီးပွားရေး မူဝါဒမကြေညာမီ ပြောကြားသောမိန့်ခွန်း၌ ၎င်းကလုပ်ငန်းရှင်များကို အသိပေးခဲ့သည်။

မိမိတို့အစိုးရဘက်မှ ပြည်တွင်း အသေးစားလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၁၈၀၀၀ နှင့်ညီမျှသော ဝမ် ၂၅ ထရီလီယမ် ထောက်ပံ့ပေးရန် အဘက်ဘက်က ပြင်ဆင်ထားပြီးဖြစ်ကြောင်း ယွန်းဆွတ်ယူးလ်က ဆက်လက်ရှင်းပြသည်။

အာရှတိုက်၏ စတုတ္ထစီးပွားရေးအင်အား အကြီးဆုံးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံအနေဖြင့် နှစ်နှစ်အတွင်း ပြည်ပပို့ကုန်ကဏ္ဍတိုးတက်လာခဲ့သော်လည်း ပြည်တွင်းအသေးစားလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုနှောင့်နှေးလျက်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ၈-ဂစ်ဂါဝပ် နေရောင်ခြည်စွမ်းအင်စီမံကိန်း တရုတ်နိုင်ငံတွင် အကောင်အထည်ဖော်မည်

**ပေကျင်း ဇူလိုင် ၃**

တရုတ်နိုင်ငံတွင် စုစုပေါင်း ၈-ဂစ်ဂါဝပ်ထုတ်လုပ်ပေးနိုင်မည့် နေရောင်ခြည်စွမ်းအင်အခြေပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းအကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်ဟု လျှိုမြောင်သုံးဆင့်ကုမ္ပဏီအုပ်စုက သတင်းထုတ်ပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လျှိုမြောင်သုံးဆင့်ကုမ္ပဏီအုပ်စုနှင့် အတွင်းမွန်ဂိုလီးယားစွမ်းအင်အုပ်စု ပူးပေါင်းကာ သုံးနေရာခွဲပြီး တည်ဆောက်မည့် စီမံကိန်းများတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉ ဘီလျံအထိအကုန်အကျခံမည်ဟု ဆိုသည်။

တရုတ်နိုင်ငံရှိ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ကျော့ပြန်သုံးနိုင်သော စွမ်းအင်သုံးပြီးထုတ်လုပ်ရန် အစိုးရကအားပေးလျက်ရှိရာမှ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ယင်းစီမံကိန်းမှ ထုတ်လုပ်ရရှိမည့် လျှပ်စစ်ဓာတ်အားကို တရုတ်နိုင်ငံမြောက်ပိုင်း ပေကျင်း-ဟေပိုင် ဓာတ်အားလိုင်းထဲသို့ ထည့်သွင်းဖြန့်ဖြူးပေးဖွယ်ရှိနိုင်ကြောင်း သိရသည်။

**Mon**





# ဘယ်ရီးလ်ဟာရီကိန်းမုန်တိုင်းပြင်းထန် ညီညွတ်ရေးကျွန်းအနှံ့ ပျက်စီးဆုံးရှုံး

**ဝါရှင်တန် ဇူလိုင် ၃**

ဘယ်ရီးလ်ဟာရီကိန်း မုန်တိုင်းပြင်းထန်စွာ ဝင်ရောက်တိုက်ခတ်သဖြင့် ဇူလိုင် ၂ ရက်က ကာရစ်ဘီယန်ပင်လယ်ထဲရှိ ညီညွတ်ရေးကျွန်းအနှံ့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စိန့်ဗင်းဆင့်နှင့် ဂရေနာဒင်း ကျွန်းစုနိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သော ထိုကျွန်းတစ်ကျွန်းလုံးနီးပါးရှိ လူနေအိမ်များ မုန်တိုင်းကြောင့် ပြိုလဲပျက်စီးသွားခဲ့သည်။

လေဆင်နှာမောင်းဝှေ့ရမ်းတိုက်ခတ်သကဲ့သို့ ခံစားခဲ့ရပြီး အိမ်အများစု တစ်စစီလွင့်စင်ပျက်စီးသွားသော်လည်း ဒဏ်ရာရသူအနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။

**Mon**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒက်ရှ်ပြည်နယ်တွင် ဘာသာရေးပွဲတစ်ခု၌ လူပြိုလဲမှုဖြစ်ပွား၊ ၁၁၆ ဦး သေဆုံး

**ဒေလီ ဇူလိုင် ၃**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒက်ရှ်ပြည်နယ် ဟာသရပ်ခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ဇူလိုင် ၂ ရက်က ဘာသာရေးပွဲတော်၌ လူပြိုလဲမှုဖြစ်ပွားကာ လူပေါင်း ၁၁၆ ဦးသေဆုံးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေလီမြို့တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ ထိုကျေးရွာ၌ ဟိန္ဒူဘာသာဝင်များက တရားဟောဆရာကို ထိတွေ့နိုင်ရန်အလုအယက်ပိုင်းအုံလာရာမှ အဆိုပါလူပြိုလဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေအချို့က ပြောသည်။



ထိုဘာသာရေးပွဲပြုလုပ်သော ကွင်းပြင်တစ်နေရာတွင် ရွံ့ဗွက်များရှိနေခဲ့ရာ လူအများတက်နင်းမိပြီး ချော်လဲရာမှ လူပြိုလဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုလည်း အချို့က ပြောကြားသည်။

မိမိတို့ ရဲတပ်ဖွဲ့အနေဖြင့် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသော လူပြိုလဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ၂၄ နာရီအတွင်း ရှာဖွေဖော်ထုတ်အရေးယူသွားမည်ဟု ပြည်နယ်ရဲချုပ် ပရာရှန့်ကူးမားက ထုတ်ဖော်ပြောကြားကြောင်းသိရသည်။

**Mon**

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



ကာဇက်စတန်သမ္မတ ကတ်ဆင်မ်ဂျိုမတ်တိုကာယက်ဗ်ကို တရုတ်သမ္မတရှီကျင့်ဖျင် ဇူလိုင် ၂ ရက်က ပေကျင်းမြို့တော်၌ လက်ခံတွေ့ဆုံ လက်ဆွဲနှုတ်ဆက်နေစဉ်။ **Mon**

# မိုးရာသီရောက်လာသဖြင့် ဒူးရင်းသီးအထွက်ကျဆင်း စင်ကာပူတွင် ဈေးနှုန်းတည်ငြိမ်မှုရှိလာသည်ဟုဆို



**စင်ကာပူ ဇူလိုင် ၃**

မိုးရာသီရောက်လာသဖြင့် ဒူးရင်းသီးအထွက် ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းလာသော်လည်း စင်ကာပူဈေးကွက်တွင် ဒူးရင်းသီးဈေးနှုန်းတည်ငြိမ်မှု ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားနိုင်ငံတွင် မေလမှ ဩဂုတ်လအထိ ဒူးရင်းသီးအထွက်ကောင်းပြီး ပြည်ပသို့တင်ပို့ရောင်းချရသဖြင့် စင်ကာပူဈေးကွက်သို့ မလေးရှားဒူးရင်းသီးများ ဝင်လာကြဦးမည်ဟုဆိုသည်။

လက်ရှိစင်ကာပူဈေးကွက်ထဲ၌ ၁ ကီလိုဂရမ်ဒူးရင်းသီးတစ်လုံးလျှင် စင်ကာပူဒေါ်လာ ၂၃ ဒေါ်လာမှ ၃၈ ဒေါ်လာအထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Mon**

# ရောဝဏ်ဆင်ကြီးထက် တက်စီးလို့အောင်ပန်းပန်

လွန်ခဲ့သောလကဖြစ်၏။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ (၃၂)မိုင်၊ အောင်ချမ်းသာရွာ၊ အောင်ချမ်းသာတောင်သို့ ရောက်ခဲ့၏။ ကံကူပြည့်ဘုရားဟူသော သရက်ကင်းမုခ်ဦးကြီးနှင့် ဆိုင်းဘုတ်ကိုတွေ့ရ၏။ ထူးဆန်းနေ၍ ဝင်ရောက်ကြည့်မိ၏။ ထင်သည့်အတိုင်းပင် မှန်နေ၏။ ဆင်ခေါင်းကြီးများနှင့် တည်ထားသော စေတီတော်ကြီးကို ဖူးတွေ့ရ၏။ မုခ်ဦးအဝင်မော့ကြည့်လိုက်ရာ ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းဟူသော စောင်းတန်းကြီးသုံးသွယ်ကို မြင်လိုက်ရ၏။ ပတ္တမြားစောင်းတန်းမှ ဝင်ကြည့်မိ၏။ ကြီးမားကျယ်ပြန့်သော ဗုဒ္ဓဝင်ဆိုင်ရာ ပန်းချီကားကြီးများကို တွေ့မြင်ရ၏။ ထို့ထက်ထူးသည်ကား မန္တလေးမြို့ပေါ်ရှိ မဟာမုနိဘုရားကြီးနှင့် ထပ်တူရှိ ပလ္လင်တော်ရုပ်ပွားတော်တို့ကို ရွှေရောင်တဝင်းဝင်းနှင့် ဖူးတွေ့လိုက်ရခြင်းပင် ဖြစ်၏။

ဘွဲ့တော်မှာ ကံကူပြည့်ဟု ဆိုထား၏။ နဝင်းကျေသော ဘုရားဘွဲ့တော်ကြီးဖြစ်၏။ လွန်ခဲ့သော ပြာသိုလဆန်း(၅)ရက်မှစ၍ နံနက် ၄ နာရီတွင် မျက်နှာတော်သစ်ခြင်း အခမ်းအနားကို ကျင်းပသည်ဆို၏။ ထည်ဝါခံ့ညားသော ကျောက်စိမ်းအစစ်များ ခင်းထားသော ဝဲယာလှေခါးကြီး နှစ်စင်းမှတက်၍ မျက်နှာတော်သစ်ကြ၏။ ပတ္တမြားစောင်းတန်းမှ ရုပ်ပွားတော်ရှေ့ရောက်သည်တိုင်အောင်လည်း ကျောက်စိမ်းအစစ်ကြီးများခင်း၍ အမျိုးသားများ ဘုရားဖူးရန်၊ အမျိုးသမီးများ ဘုရားဖူးရန်ဟူ၍ ပိုင်းခြားထားသော စာတန်းကြီး နှစ်ခုကိုလည်း တွေ့ရ၏။ အထူးခြားဆုံးသော စာတန်းမှာ ရွှေသင်္ကန်းကပ်လိုသော အမျိုးသားများ ဘုရားပေါ်သို့ တက်နိုင်၏ဟူသော စာတန်းကြီးပင်ဖြစ်၏။

ဘုရားလှိုဏ်ဂူအတွင်းမှထွက်၍ စေတီတော်ကြီးကို မော်ဖူးကြည့်မိ၏။ များပြားလှသော ဆင်ခေါင်းများကို တွေ့ရ၏။ ထို့ပြင် ထိုဆင်ခေါင်းများ အကြောင်းကို တွေးထင်ခိုက်မှာပင် လက်ကမ်းကြော်ငြာစာရွက်ကလေးတစ်ခုကို တွေ့ရ၏။ ထိုလက်ကမ်း ကြော်ငြာတွင် ဆင်ခေါင်းတို့၏ အကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသားထား၏။ အံ့မှအံ့၊ သြမှသြစရာပင်ဖြစ်၏။ ရောဝဏ်စေတီတော်ကြီးဟု ဆို၏။ ရောဝဏ်ဆိုသည်မှာ ဆင်ကြီး၏ အမည်ဖြစ်၏။ ရောဝဏ်ဆင်ကြီးမှာ ကမ္ဘာ့အကြီးဆုံးဆင်ကြီးဟု ဆိုနိုင်တန်ရာ၏။




ရောဝဏ်ဆင်ကြီး၏ ခန္ဓာကိုယ်မှာ ယူဇနာ ၃၀၀ ရှိ၏။ မိုင် အားဖြင့် ယူဇနာ ၁၀၀ လျှင် မိုင် ၁၂၀၀ ဖြစ်၍ မိုင် ၃၆၀၀ လောက်ရှိ၏။ မြန်မာပြည်လောက်ရှိ၏။ ခေါင်းပေါင်းက ၃၄ ခေါင်းရှိ၏။ အလယ်တည့်တည့်မှာ တစ်ခေါင်း၊ ဘေးပတ်ပတ်လည်မှာ ၂၂ ခေါင်းဖြစ်၏။ ဘေးပတ်လည်က ၃၃ ခေါင်းတွင် ခေါင်းတစ်ခေါင်းမှာ အစွယ်နှစ်ချောင်းစီရှိ၏။ အစွယ်တစ်ချောင်းမှာ ရေကန်ခုနစ်ကန်ရှိ၏။ ရေကန်တစ်ခုမှာ ပဒုမ္မာကြာရုံကြာပင် ခုနစ်ပင်ရှိ၏။ ကြာတစ်ပင်မှာ ကြာပွင့်ခုနစ်ပွင့်ရှိ၏။ တစ်ပွင့်လျှင် ကြာချပ်ကြာဖတ် ခုနစ်ချပ်ရှိ၏။ တစ်ချပ်လျှင် နတ်သမီးကချေသည် ခုနစ်ယောက်စီရှိ၏။ နတ်သမီးပေါင်းမှာ ၁၁၀၉၂၆၂ ယောက်ရှိ၏။

အလယ်ခေါင်က ဆင်ဦးခေါင်းကို သုဒဿန ဟုခေါ်၏။ သုဒဿန၏အကျယ်မှာ သုံးယူဇနာရှိ၏။ ခေါင်းပေါ်မှာ တစ်ယူဇနာ ၁၂ မိုင်ခန့်မြင့်သော ကြာပလ္လင်ကြီးရှိ၏။ ထိုကြာပလ္လင်ပေါ်မှာ သိကြားမင်းထိုင်၏။ နတ်စည်းစိမ်ခံစား၏ဥယျာဉ်ထွက်ပျော်ပါးကစားပြီးက ရောဝဏ်ဆင် အဆောင်အယောင်များ ပျောက်ကွယ်သွား၏။ ရောဝဏ်နတ်သားပြန်ဖြစ်သွား၏။

ထို့ရောဝဏ်ဆင်အကြောင်းကို အမှီပြု၍ ရောဝဏ်စေတီတော်ကြီး တည်ထားခြင်းပါ။ တည်ထားသော ပုဂ္ဂိုလ်တို့၏ သိဒ္ဓိမြောက်လှသော နှလုံးသားများဟုပင် ဆိုချင်ပါ၏။ ဗုဒ္ဓနွယ်ဝင်သူတော်စင်တို့အဖို့ ရောဝဏ်ဆင်ကြီးထက် တက်စီးလျက် အောင်ပန်းတွေ ပန်ဆင်နိုင်ကြပြီဟု ဆိုချင်ပါသည်။



**ရွှေလုံးမှိုင်း**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်းသားများ စိုက်ပျိုးထားသော နှမ်းစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နှမ်းစပါးများစိုက်ပျိုးရာတွင် အခြေခံသမဝါယမအသင်းများဖြစ်သည့် တောင်ပလူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမ အသင်းသား ၃၁ ဦးမှ ၁၅၂ ဧက၊ အရှေ့ရွာနန်းကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ၁၈ ဦးမှ ၈၆ ဧက၊ ပုထိုးနီကျေးရွာစံပြစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးသမဝါယမအသင်းသား ၃၀ ဦးမှ ၁၅၀ဧက၊ ပင်တလည်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ၄ ဦးမှ ၃၀ ဧက စုစုပေါင်း အခြေခံသမဝါယမအသင်းသားတောင်သူ ၈၃ ဦးမှ ၄၁၈ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

နှမ်းစပါးသီးနှံများစိုက်ပျိုးရာ၌ အောင်မြင်စေရေးနှင့် သွင်းအားစုအခက်အခဲမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမအသင်းသားတောင်သူများအား နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် စပါးတစ်ဧက စိုက်ပျိုးရန်အတွက် ငွေကျပ်(၂)သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ထွက်ရှိလာသည့်စပါးများ ရောင်းချရာ၌ အလွယ်တကူရောင်းချနိုင်ရေးနှင့် အကျိုးအမြတ်ရရှိရေး ဝယ်ယူကြိတ်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားပြီး သတ်မှတ်ကာလပေါက်ဈေးဖြင့် ဝယ်ယူသွားမည်ဖြစ်သဖြင့် နှမ်းစပါးစိုက် အခြေခံသမဝါယမအသင်းသားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

## (၁၉၁)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် ၈၀၆၊ လမ်း၆၀ နှင့်၂၈လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၁)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက မန္တလေးအရှေ့ပြင် ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၄၃ ကျောင်းသို့ အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



(၁၉၁)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင် ဆရာမကြီးဒေါ်နှင်းနှင်းမော် (ညီမ)ဆရာမကြီး ဒေါ်နုနုရီ (CAE )ပညာရေးမိသားစု ကိုလှိုင်မြင့်(စတီးဆိုင်၂၆လမ်း) မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ) မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး (သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ စားသောက်ဆိုင် မိသားစု၊ ဖခင်ကြီး ဦးတိုးအောင်+ မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုတင်မောင်သန်း+ မချို(မြေစာရင်း)မိသားစု၊ အေးချမ်းအောင်မြင် ရဲမွန်တောင်ကျောင်း ဆရာတော်တို့က "မ" တည် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)(မန္တလေးနေ့စဉ်-၁)**

# နိုင်ငံတကာ အားကစား သတင်းများ



## ဒူးစ်ဘယ်ရီဟောလ်အား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၃**

ချဲလ်ဆီးအသင်းသည် လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဒူးစ်ဘယ်ရီဟောလ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ဖြင့်ခေါ်ယူခဲ့ကြောင်းအတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၆နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဒူးစ်ဘယ်ရီဟောလ်သည် လက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၉ပွဲကစားကာ ၁၂ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည်လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်း တွင် ကစားသမား (၄)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (ဝဲပုံ)(NGB)

## တိုဒီဘို နိုက်စ်အသင်းတွင် ဆက်ရှိသွားမည်

**ပါရီ ဇူလိုင် ၃**



နောက်ခံကစားသမား တိုဒီဘိုအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟာလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု နိုက်စ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း နိုက်စ်အသင်းက ပယ်ချခဲ့သည်။

နောက်ခံကစားသမား တိုဒီဘိုသည် နိုက်စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ ပွဲကစားကာ ခြေစွမ်းပြထားသည်။

နိုက်စ်အသင်းထုတ်ပြန်ချက်တွင် 'တိုဒီဘိုအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း ဒီမှာပျော်ရွှင်နေပါတယ်။ အသင်းအနေနဲ့လည်း လာမည့် ဘောလုံးရာသီသစ်အတွက် အကောင်းဆုံး ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ'ဟု ထုတ်ပြန်သည်။ (အပေါ်ပုံ)(NGB)

## တွမ်ဟီတန် မန်ချက်စတာယူနိုက်တက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဇူလိုင် ၃**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်း တတိယဦးစားပေး ဂိုးသမား တွမ်ဟီတန်အား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဂိုးသမားသည် မန်ချက်စတာယူနိုက်တက်အသင်းတွင် ပုံမှန် ပွဲထွက်ခွင့်မရရှိသော်လည်း အသင်းမှ မထွက်ခွာဘဲ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်ခံကာ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ (ယာပုံ)



မန်ချက်စတာယူနိုက်တက်အသင်း ထုတ်ပြန်ချက်တွင် 'တွမ်ဟီတန်အား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့ ကျန်ရှိနေတဲ့ ကစားသမားတွေကို စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ' ဟု ထုတ်ပြန်သည်။ (NGB)

## နည်းပြရပ်ဆဲလ်မာတင် ဆောက်သမ်တန်အသင်းနှင့် သုံးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၃**

ဆောက်သမ်တန်အသင်းသည် အသင်းနည်းပြ ရပ်ဆဲလ်မာတင်အား သုံးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်းအတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆောက်သမ်တန်အသင်းအား ၂၀၂၃ခုနှစ် ဇွန်လ ၂၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅၄ပွဲ ကိုင်တွယ်ရာ ပွဲ ၃၀နိုင်၊ ၁၁ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သလို၊ အသင်းအား ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ (ယာပုံ)

အသက်(၃၈)နှစ်အရွယ်ရှိ နည်းပြ ရပ်ဆဲလ်မာတင်က 'ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကိုယုံကြည်စွာနဲ့ ဆက်လက်တာဝန်ပေးခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ဆောက်သမ်တန်အသင်းအောင်မြင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ (NGB)





## အာချီဂရေးအား (၆)နှစ်စာချုပ်ဖြင့် စပါးအသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၃**

စပါးအသင်းသည် လိဒ်စ်အသင်း ဆယ်ကျော်သက် ကွင်းလယ်ကစားသမား အာချီဂရေးအား (၆)နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းတွင် ကျောနံပါတ်(၁၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (အောက်ပုံ)

ကွင်းလယ်ကစားသမား အာချီဂရေးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် စပါးအသင်းက အလျင်အမြန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် 'အာချီဂရေးအား ၆နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေခေါ်ယူအားဖြည့်သွားမှာပါ'ဟု ထုတ်ပြန်သည်။ (NGB)

## အီဂေါ်သီယာဂို ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ်(၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၃**

တိုက်စစ်မှူးသစ် အီဂေါ်သီယာဂို ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ်(၉)ဂျာစီအား ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကလပ်ဘရုဂေးအသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း၃၀ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ အီဂေါ်သီယာဂိုက 'ကျွန်တော် ဘရန့်ဖို့ဒ်အသင်းမှာ ကျောနံပါတ်(၉)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ လာမည့် ဘောလုံးရာသီသစ်မှာလည်း အောင်မြင်မှုတွေ ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်' ဟု ပြောသည်။ (NGB)



## 2024 Grand Est Open 88 တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၈ရက်တွင် စတင်မည်

**ပါရီ ဇူလိုင် ၃**

ပြင်သစ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Grand Est Open 88 တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၈ရက်တွင် စတင်သွားမည်ဖြစ်သည်။ (အောက်ပုံ)

အဆိုပါ 2024 Grand Est Open 88 တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၈ရက်မှ ၁၅ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Grand Est Open 88 တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။




Grand Est Open 88 တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ နယ်သာလန် တင်းနစ်မယ် Arantxa Rusဖြစ်သည်။ (NGB)

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်)

နိုင်ကမ္ဘာ

**အာဂျင်တီးနား – အီကွေဒေါ**

**ဇွန် ၅ရက်၊ (သောကြာနေ)၊ နံနက် ၇း၃၀နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၁၅-၁၇ | အာဂျင်တီးနား | ၀-၂ | အီကွေဒေါ | ၁-၃ အာဂျင်တီးနား | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၂၀၂၀-၂၂ | အာဂျင်တီးနား | ၁-၀ | အီကွေဒေါ | ၁-၁ အာဂျင်တီးနား | (ကမ္ဘာ့ဖလား ၂၀၂၄ ခြေစစ်ပွဲ) |
| ၄-၇-၂၀၂၁ | အာဂျင်တီးနား | ၃-၀ | အီကွေဒေါ | | (ကိုပါ အမေရိကဖလား ကွာတား) |
| ၈-၉-၂၀၂၃ | အီကွေဒေါ | ၁-၁ | အာဂျင်တီးနား | | (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ) |
| ၁၀-၆-၂၀၂၄ | အာဂျင်တီးနား | ၁-၀ | အီကွေဒေါ | | (ခြေစမ်းပွဲ) |

**နှစ်သင်း၏ ကွာတားဖိုင်နယ်အထိ ကျော်ဖြတ်မှု**

| | | | | | |
|---|---|---|---|---|---|
| အာဂျင်တီးနား | ၂-၀ | ကနေဒါ | အီကွေဒေါ | ၁-၂ | ဗင်နီဇွဲလား |
| ချီလီ | ၀-၁ | အာဂျင်တီးနား | အီကွေဒေါ | ၃-၁ | ဂျမေကာ |
| အာဂျင်တီးနား | ၂-၀ | ပီရူး | မက္ကဆီကို | ၀-၀ | အီကွေဒေါ |

ယခုပွဲတွင် ဗိုလ်စွဲမည်ဟု ရေပန်းစားနေသော အာဂျင်တီးနားတို့ သေချာပေါက် နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**အာဂျင်တီးနား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်**

**အီကွေဒေါ–ရှုံး၊နိုင်၊နိုင်၊ရှုံး၊နိုင်**




## ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**တောင်ကြီး ဇူလိုင် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဇူလိုင် ၂ ရက် ညနေ ၃ နာရီက ၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များက ဗိုလ်လုပွဲစဉ်အဖြစ် ညောင်ရွှေဘောလုံးအသင်းနှင့် တာချီလိတ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ တာချီလိတ်အသင်းက ညောင်ရွှေအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပထမဆုရရှိသော တာချီလိတ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ညောင်ရွှေအသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုငွေကျပ် ၈ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော တောင်ကြီးအသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုငွေကျပ် ၅ သိန်းကိုလည်းကောင်း၊ အကောင်းဆုံး ဂိုးသမားဆုရရှိသူကို ဆုတံဆိပ်နှင့် ဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ နောက်တန်းအကောင်းဆုံးရရှိသူကို ဆုတံဆိပ်နှင့် ဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရရှိသူကို ဆုတံဆိပ်နှင့် ဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသူကို ဆုတံဆိပ်နှင့် ဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသူကို ဆုတံဆိပ်နှင့် ဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း အသီးသီး ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားအသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

*—*—*—*—*

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ရိုးရာလွန်းရာကျအချိတ်နှင့် လက်ရက်ကန်းသင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ၂၀၂၄ ပညာသင်နှစ်အတွက် ရိုးရာလွန်းရာကျအချိတ်နှင့် လက်ရက်ကန်း ၆ လ သင်တန်းများဆင်းပွဲနှင့် ဖွင့်ပွဲ များကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ အဆိုပါသိပ္ပံသင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲတွင် ဆောင်းဒါးရက်ကန်းနှင့်သက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး(ကိုယ်စား) ဒုတိယကျောင်းအုပ်ကြီး(သင်ကြား)ကကျောင်းမှ သင်ကြားပေးသောပညာရပ်နှင့် မိမိတတ်မြောက်သော ပညာရပ်ပေါင်းစပ်၍ အောင်မြင်သော လုပ်ငန်းရှင်များဖြစ်ကြရန် ကြိုးစားဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၄ ပညာသင်နှစ် ရိုးရာကျအချိတ်နှင့် လက်ရက်ကန်း ၆ လ သင်တန်းတွင် ထူးချွန်ဆုရသူများကို ဒုတိယကျောင်းအုပ်ကြီး(သင်ကြား)က ဆုများချီးမြှင့်ပြီး ဒုတိယကျောင်းအုပ်ကြီး(စီမံ)က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ သင်တန်း ကို ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



## ပြည်တွင်းဆန်ဈေးကွက်တွင်သင့်တင့်မျှတသော ဈေးကွက်ဖြစ်စေရန် ဇူလိုင်လအတွက် ဆန်ရည်ညွှန်းဈေးနှုန်း ထုတ်ပြန်

ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့်မျှတသော ဆန်ဈေးကွက်ဖြစ်စေရန်အတွက် မြန်မာနိုင်ငံ၊ ဆန်စပါးအသင်းချုပ်မှ ဇူလိုင်လအတွက် ဆန်ရည်ညွှန်းဈေးထုတ်ပြန်ထားပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူကတစ်ဦးက ပြောသည်။



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ဆန်ရည်ညွှန်းဈေးများကို လစဉ်ထုတ်ပြန်လျက်ရှိပြီး သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်ဝန်ဆောင်မှုဥပဒေဖြင့် အရေးယူမည်ဟု ဆိုသည်။

"ဆန်က အရေးကြီးကုန်စည်မှာ ပါဝင်တယ်။ ဈေးနှုန်းမြှင့်တင်ရောင်းချရင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနဲ့ အရေးယူမှာပါ။ ဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသုံးသူသက်သာချောင်ချိရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကုန်ဈေးနှုန်းကြီးကြပ်ရေးကော်မတီတွေ ဖွဲ့စည်းပြီး ကြပ်မတ်ဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

ရည်ညွှန်းဈေးထုတ်ပြန်ချက်အရ ပြည်ပတင်ပို့သည့် ဆန်ကြမ်းအုပ်စုများ(ဧည့်မထ၊ ငစိန်၊ ဆင်းသုခ စသည်)အမျိုးအစားများမှာ ၂၄ ပြည် တစ်အိတ်လျှင် ၂၅ မှတ်ဆန်အတွက် ငွေကျပ် ၆၉၀၀၀ မှ ၉၀၀၀၀ ဝန်းကျင်၊ ဧရာမင်း၊ အညာသား၊ မော်တီ -၃၊ ဖန်သီး၊ လုံးသွယ်မွှေး၊ မဂျမ်းတော၊ ဧရာပဒေသာ စသည့် စားသုံးမှုအရည်အသွေးကောင်းသော ပြည်တွင်းစားသုံးမှုဆန်များအတွက် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ၁၃၀၀၀၀ ဝန်းကျင်၊ ရွှေဘိုပေါ်ဆန်း ငွေကျပ် ၁၄၀၀၀၀ မှ ၁၄၅၀၀၀ ဝန်းကျင်၊ ဧရာဝတီပေါ်ဆန်း(ပထမတန်းစား)ငွေကျပ် ၁၁၅၀၀၀ မှ ၁၂၀၀၀၀ ဝန်းကျင်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့နှင့် ဆန်ကုန်သည်များအသင်းတို့ ပူးပေါင်း၍ ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးမှုများအပြင် ပေါ်ဆန်းမွှေးတစ်ပြည် ငွေကျပ် ၅၉၀၀၊ ဧည့်မထဆန်တစ်ပြည် ငွေကျပ် ၂၈၀၀ ဖြင့် ဆန်ပွဲရုံနှင့် ဆန်ဆိုင်များတွင် ရောင်းချပေးလျက်ရှိရာ စားသုံးသူများအနေဖြင့် မည်သည့်အထောက်အထားမှ ပြရန်မလိုအပ်ဘဲလွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

*—*—*—*—*

## ကန့်ဘလူမြို့၌ ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကန့်ဘလူ ဇူလိုင် ၃**

ရပ်ကွက်နေပြည်သူများအနေဖြင့် နေ့စဉ်လူမှုဘဝ စားသောက်ရေးတွင် အထောက်အကူပြုစေရန် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် ရည်ရွယ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်လမ်းညွှန်မှုဖြင့် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ကန့်ဘလူခရိုင် ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနောက်ဘက် အောင်သစ္စာလမ်းနှင့် ပါရမီလမ်းထောင့်တွင် ယနေ့ နံနက် ၈ နာရီက စတင်၍ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ရပ်ကွက်နေပြည်သူများ အခင်ပြေစွာဝယ်ယူနိုင်ရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆီကုန်သည်ကြီးများအသင်းတို့က ပူးပေါင်း၍ အိမ်ထောင်စု တစ်စုလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၃၁၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ကန့်ဘလူမြို့ပေါ်ရှိ ရပ်ကွက်(၅)ခုတို့တွင် သတ်မှတ်နေရာများ၌ စားအုန်းဆီများ ရောင်းချပေးခဲ့ရာတွင် စားအုန်းဆီ စုစုပေါင်း ၇၁၃ ပိဿာ ရောင်းချပေးခဲ့ကြောင်းနှင့် ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံထံမှ သိရသည်။

(အောက်ပုံ)

(၄၈၀)

*—*—*—*—*



*—*—*—*—*—*

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စဉ့်ကိုင် ဇူလိုင် ၃

ဇူလိုင် ၃ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ဒေသတွင်းအပူချိန် လျော့ကျလာစေရန်၊ ဂေဟစနစ် တည်ငြိမ်လာစေရန်၊ ပြည်သူများ သစ်ပင်စိုက်ပျိုး လိုစိတ်များ ဖြစ်ပေါ်လာစေပြီး သစ်တောသစ်ပင်များအား ချစ်ခင်တန်ဖိုးထားတတ်လာစေရန်နှင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန် ရည်ရွယ်၍ တရုတ်စုရပ်ကွက်ရှိ၊ အ.လ.က(ခွဲ)(တရုတ်စု)၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၇နာရီက ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့်အဖွဲ့ဝင်တို့က မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်ခဲ့ပြီး တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိန်ပန်း ငါးပင်၊ ခရေ အပင် ၂၀၊သုံးပန်လှအပင် ၂၀၊ မန်ကျည်း အပင် ၃၀၊ မယ်ဇယ် အပင်၂၀၊ ဗာဒံ အပင် ၂၀ စုစုပေါင်း စိုက်ပျိုးပင် ၁၁၅ ပင်တို့အား စုပေါင်းစိုက်ပျိုးခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊စုစုပေါင်း အင်အား ၁၅၅ဦး တက်ရောက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၃၉၉)



## ဌာနဆိုင်ရာလုပ်ငန်းများ နည်းစနစ်မှန်ကန်မှုရှိပြီး အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

ပခုက္ကူ ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့နယ်အတွင်း ဌာနဆိုင်ရာများ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ နည်းစနစ်မှန်ကန်မှုရှိပြီး အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၂နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဓရာ(၁) ခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပခုက္ကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက မြို့နယ်အဆင့်ဒေသန္တရစီမံကိန်းလုပ်ငန်းများကို ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများအနေဖြင့် လုပ်ငန်းစံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုရှိရေး လုပ်ငန်းတာဝန်ယူဆောင်ရွက်မည့်ကုမ္ပဏီများနှင့် စနစ်တကျတွေ့ဆုံညှိနှိုင်းဆောင်ရွက်ရေး စိုက်ပျိုးမြေစိုက်ခင်းများတွင် ရာသီအလိုက် ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့် စိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေး၊ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေမြဲရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေး၊ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်ပြည့်စုံကြွယ်ဝသည့် ကျောင်းသား၊ကျောင်းသူ(လူငယ်)များဖြစ်လာရေး စာဖတ်ရှိန်မြင့်မားရေးလုပ်ငန်းများဖြစ်သည့် အသိပညာပေး ဟောပြောပွဲ၊ ပြိုင်ပွဲ၊ ပြပွဲများ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ဌာနများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အပြန်အလှန်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(အပေါ်ပုံ) (၃၄၀)

## ဆန်ကုန်သည်များအသင်းက ပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေး

ညောင်ဦး ဇူလိုင် ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာ ဝယ်ယူစားသုံးနိုင်ရေး သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် ညောင်ဦးခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှု၊ ညောင်ဦးခရိုင် ဆန်ကုန်သည်များအသင်းက မဏီစည်သူဈေးရှေ့တွင် ဆန်ရောင်းချပေးခဲ့သည်။

ညောင်ဦးမြို့ ဆန်ကုန်သည်များအသင်းနှင့် ညောင်ဦးခရိုင်/မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်းကာ လူတစ်ဦးလျှင် ဇီယာဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လူဦးရေ ၇၅၀ ဦးအား တစ်ပြည်နှုန်းဖြင့်ရောင်းချပေးနေမှုအား ကြည့်ရှုခဲ့သည်။ ဆက်လက်၍ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်အဖွဲ့ဝင်များသည် မဏီစည်သူဈေးအတွင်း၊ အပြင်တို့တွင် ဆန်အရောင်းဆိုင်များ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ ဆန်အရောင်းဆိုင်များက ဗီနိုင်း၊ ပိုစတာများဖြင့် ရောင်းချသည့် ဆန်အမျိုးအစားအလိုက် ဆန်ဈေးနှုန်းများအား သတ်မှတ်ရည်ညွှန်းဈေးများဖြင့် ရောင်းချလျက် ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၈၁)

*-*-*-*-*



လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

## ဆီဆိုင်မြို့နယ် ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၃

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်ရှိ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို ဇွန် ၂၇ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဒေသခံနေအိမ် ၁၆ လုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် ၎င်းကျေးရွာများတွင် မည်သည့်မီးလောင်ပျက်စီးမှုမှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများမီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ဒေသတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ



အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။

နေပြည်တော် ဇူလိုင် ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက် သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၃)အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးသုံးဦး အပါအဝင်ဒေသခံပြည်သူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

## ပစ်ခတ်တိုက်ခိုက်

ဖြစ်စဉ်မှာ အကြမ်းဖက် သောင်းကျန်းသူများသည် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် လားရှိုးမြို့အတွင်းသို့ မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဒုံးသီးများသည် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၃) သာယာလမ်းပေါ်ရှိ လူနေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အသက် ၁၂ နှစ်နှင့် ၁၄ နှစ် အရွယ် ကလေး သုံးဦးနှင့် ဒေသခံပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့သည်။ အဆိုပါ သေဆုံးသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မွန်းလွဲ ၃ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့်ရှော့တိုက်ဒုံးသီး တစ်လုံးသည် လားရှိုးမြို့ ရပ်ကွက် ၁၀ နီလာလမ်းရှိ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ခဲ့ပြီး ဒုံးသီးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ် ကင်းရှင်းစေရေး သွားရောက်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ညနေ ၄ နာရီခွဲခန့်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်ခဲ့မှုကြောင့် လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁)ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်း အတွင်း ရှော့တိုက်ဒုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရှော့တိုက်ဒုံးသီး တစ်လုံးသည် ရပ်ကွက်(၄) နယ်မြေ(၃)ရှိ လူနေအိမ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား တစ်ဦး သေဆုံးကာ အမျိုးသမီး တစ်ဦး၊ ကလေး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ဆေးဝါးကုသမှုများခံယူရန်အတွက် လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများ၏ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ မြို့/ရွာများအတွင်းသို့ အသက်အန္တရာယ် ထိခိုက်သေကျေသည်အထိ စက်ဆုပ်ရွံရှာဖွယ် ပစ်ခတ်တိုက်ခိုက်ခဲ့မှုသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation)ကို ပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွားကားလမ်းပေါ်၌ သွားလာလျက်ရှိသည့် "ပိုင် TTA" ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်များကို လုယက်ယူဆောင်












တောင်သာ-နွားထိုးကြီး ကားလမ်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လုယက်ယူဆောင်သွားသည့် ပိုင် TTA ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်များ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွား ကားလမ်းပေါ်၌ ယာဉ်များအား လုယက်ယူဆောင်သွားသည့် ဖြစ်စဉ်ပြမြေပုံ။

နေပြည်တော် ဇူလိုင် ၃

မန္တလေး တိုင်းဒေသကြီး တောင်သာမြို့နယ် ရန်ကင်းသာစည်ကျေးရွာနှင့် နွားထိုးကြီး မြို့နယ် ရွှေကြာအင်းကျေးရွာ အကြား၌ ဇူလိုင် ၂ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ယာဉ်သုံးစီးဖြင့် ရောက်ရှိလာပြီး တောင်သာ-နွားထိုးကြီးသွား ကားလမ်းအတိုင်း သွားလာနေသည့် ခရီးသွားယာဉ်များအား တားဆီးစစ်ဆေးပြီး ယာဉ် ၁၁ စီးအား လုယက်မောင်းနှင်သွားကြောင်း သိရသည်။

## လုယက်ယူဆောင်

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် တောင်သာ-နွားထိုးကြီး မြို့နယ်ကားလမ်းအတိုင်း သွားလာနေသည့် ခရီးသွားယာဉ်များ အနက် "ပိုင် TTA" ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များကို တားဆီးစစ်ဆေးခြင်းများ ပြုလုပ်၍ ယာဉ်မောင်းများနှင့် ခရီးသည်များအား ပြန်လွှတ်ပေးပြီး "ပိုင် TTA" ပိုင်ဆိုင်သည့် AD Van ယာဉ် လေးစီး၊ Succed ယာဉ် နှစ်စီး၊ Probox ယာဉ် သုံးစီးနှင့် ခြောက်ဘီး ကုန်တင်ယာဉ် နှစ်စီး စုစုပေါင်း မော်တော်ယာဉ် ၁၁ စီး တို့အား လုယက်ယူဆောင်၍ နွားထိုးကြီး မြို့နယ်ဘက်သို့ မောင်းနှင် ထွက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခန့်တွင် ရွှေကြာအင်းကျေးရွာအနီး၌ အကြမ်းဖက်သမားများ ယူဆောင်သွားသည့် မော်တော်ယာဉ် ၁၁ စီး အား ထိခိုက်ပျက်စီးမှုမရှိဘဲ ပြန်လည်ရရှိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် အများပြည်သူ သွားလာလျက်ရှိသော လမ်းများပေါ်၌ ခရီးသွားပြည်သူများအား တားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ပစ္စည်းများ လုယက်ယူဆောင်ခြင်းနှင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မဆွေဆွေဦး အမည်ဖြင့်ချထားရရှိသောမြေကွက်၏ အနောက်ဘက်ခြမ်း၊ ခဲစင်းပြဧရိယာ(ပေ၃၀×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်း မြေသက်သက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁)ဒေါ်အေးကြည်(အဘ)ဦးတိုး(၉/ပသက(နိုင်)၀၄၈၉၂၅)၊(၂)ဒေါ်ကြည်အောင်(အဘ)ဦးဖိုးသာ(၉/မတရ(နိုင်)၂၄၂၄၁၂)၊ (၃)ဒေါ်စန်းစန်းတင့်(အဘ)ဦးတိုး(၉/ပသက(နိုင်)၀၄၀၉၄၂)၊ (၄) ဦးမင်းမင်းညီ(အဘ)ဦးမောင်မြင့်(၉/မဟမ(နိုင်)၀၂၄၀၆၁)၊ (၅)ဒေါ်မြင့်မြင့်သန်း(အဘ)ဦးစိုးတင်(၉/ပသက(နိုင်)၀၄၀၈၉၆)၊ (၆)ဒေါ်သန်းအေး(အဘ)ဦးထွန်းမောင်(၉/ပသက(နိုင်)၀၁၂၄၀၈)၊ (၇)ဦးတင်အောင်မြင့်(အဘ)ဦးတိုး(၉/ပသက(နိုင်)၀၇၄၈၄၅)၊ (၈)ဦးဖိုးသဲ(အဘ)ဦးတိုး(၉/ပသက(နိုင်)၀၆၉၇၄၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဝင်းသန့် (LL.M)**

**တရားလွှတ်တော်ရှေ့နေ**

**၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၇၇၈၈၈၆၆၊ ၀၉–၂၀၃၈၇၈၆၊ ၀၉–၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်အမှတ်(၃၁-က)မြေကွက်သည် ဦးတင်စိုးအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ရေ၊မီးအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်တင်မာဆွေထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။ **ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**တတ–၄၆/၁၆၊၅၇–စီလမ်း၊၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊(၈)ရပ်ကွက်၊ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၆၅၃၈၉၉၇၂ ၊ ၀၉–၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၈)၊ ဦးပိုင်အမှတ်(၉၁)အတွင်းမှ အရှေ့အနောက်(ပေ ၂၀)၊ တောင်မြောက်(ဦးပိုင်အရှိ)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမွေဆက်ခံခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းဟန်(ဘ)ဦးကံရှိ(၉/မနမ(နိုင်)၀၉၄၃၈၆)၊ဦးစိုးမြင့်(ဘ)ဦးခင်မောင် (၉/မနမ(နိုင်)၀၇၄၂၈၀)နှင့် ဦးမြင့်ဦး(ဘ)ဦးမောင်မောင်(၉/မနမ(နိုင်)၀၇၁၂၁၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်ကေစင်မြင့်**(LL.B)၊**ဒေါ်ထိုက်တင်ဝါကျော်**(LL.B)၊ **ဒေါ်ရည်မွန်ဌေး**(LL.B)

**(တရားလွှတ်တော်ရှေ့နေများ) (အထက်တန်းရှေ့နေ)**

**၃၃လမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**၀၉–၂၅၇၁၀၁၂၁၁၊ ၀၉–၇၉၂၀၁၈၅၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၃၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးသိန်းဝင်း အမည်ပေါက်ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံ၊ မီးမီတာ၊ အဝီစိ(ရေစက်)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဝင်း(ဘ)ဦးသာမြ(၇/ဒဥန(နိုင်)၀၀၃၀၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်ကေစင်မြင့်**(LL.B)၊ **ဒေါ်ထိုက်တင်ဝါကျော်**(LL.B)၊ **ဒေါ်ရည်မွန်ဌေး**(LL.B)

**(တရားလွှတ်တော်ရှေ့နေများ) (အထက်တန်းရှေ့နေ)**

**၃၃လမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**၀၉–၂၅၇၁၀၁၂၁၁၊ ၀၉–၇၉၂၀၁၈၅၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၁)၊ ဦးပိုင်နံပါတ်(၇၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧကအကျယ်အဝန်းရှိ ဒေါ်ညွန့်ညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုမာမြင့်(ဘ)ဦးသန်းမြင့်(၅/ပလဘ(နိုင်)၀၆၈၆၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေယဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၆)၊ ဦးပိုင်အမှတ်(၁၆-ဃ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧကအကျယ်အဝန်းရှိသော ဦးအောင်မြင့်(ဇနီး)ဒေါ်ညွန့်ညွန့်ရှိ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်း (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို(၂၄-၂-၂၀၁၂)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၁၃၉၆/၂၀၁၂)အရ တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးအောင်ကျော်ဦး(ဘ)ဦးအောင်မြင့် (၉/မနမ(နိုင်)၀၄၆၀၄၂)၊ (၂) ဒေါ်ကေသီဦး(ဘ)ဦးအောင်မြင့်(၉/မနမ(နိုင်)၀၄၆၁၉၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၂၃-ဈ+၂၃-ဌ)၊ ဧရိယာ(၀ ဒသမ ၁၀၈၅)ဧက အကျယ်အဝန်းရှိသော ဦးတင်ထွန်း အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်းဧရိယာ(ပေ၄၀ ×ပေ၈၀)အကျယ်အဝန်းရှိသော ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်းဧရိယာ(၄၂ပေ×၃၈ပေ) အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်(၁)ထပ် အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခက်ခက်နိုင်(ဘ)ဦးဝင်းနိုင်(၅/စကန(နိုင်)၂၅၇၀၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ



နေပြည်တော် ဇူလိုင် ၃

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြန်လည်လွှဲပြောင်းခြင်းများဆောင်ရွက်

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ အဓိကတာဝန်ဖြစ်သည့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော် (ကြည်း) ပါဝင်နေခြင်းကို စာရင်းမှ ပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် Plan of Action ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ တပ်မတော်နှင့် UNCTFMR ပူးပေါင်းအဖွဲ့ဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်အတွင်း CTFMR မှ ပေးပို့ထားသည့် အသက်မပြည့် သံသယရှိသူစစ်သည် ၉ ဦး အပါအဝင် ယခင်စာရင်းမှ ပယ်ဖျက်ပေးရန်ကျန် စုစုပေါင်း ၁၂၀ ကို CTFMR သို့ ဆက်သွယ်၍ အမှုတွဲတိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ရန်နှင့် မှန်ကန်မှုမရှိပါက စာရင်းမှ ပယ်ဖျက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်နာစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

### စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိ

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီမှ CTFMR နှင့် ယခင်အတိုင်း ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် CTFMR နှင့် တွေ့ဆုံခဲ့ပြီး နှစ်ဖက်သဘောတူညီချက်အရ နည်းပညာပူးတွဲဥက္ကဋ္ဌ (Technical Co-Chairs) အဖွဲ့နှင့် အဖွဲ့ငယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်း (Small Team Meeting)ဖြင့် နှစ်ဖက်တိုက်ဆိုင် စာရင်းရှင်းလင်းစစ်ဆေးအတည်ပြုရန် ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိရာ ဥပဒေအရ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အသီးသီးမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### စွပ်စွဲဖော်ပြထား

ယခုနှစ် ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာတွင် တပ်မတော်နှင့် ဆက်စပ်နေသည့်အဖွဲ့များနှင့် ပြည်သူ့စစ်တို့က ကလေးသူငယ် ၁၁၀၂ ဦးကို စုဆောင်းခဲ့ပြီး ကြီးလေးသော ကျူးလွန်မှု ၆ ရပ်တို့ကို တပ်မတော်က ကျူးလွန်ကြောင်း စွပ်စွဲဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း CTFMR က စုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ၉ ဦးသာရှိကြောင်း အကြောင်းကြားခဲ့သော်လည်း ယခုနှစ် အစီရင်ခံစာတွင် အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် အဆိုပါ အစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် တုံ့ပြန်သည့် အချက်အလက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ရုံး (Office of the Special Representative of the Secretary-General for Children and Armed Conflict-UNSRSG) သို့ ပေးပို့ခဲ့ပြီး ဖြစ်သည့်အပြင် နိုင်ငံပိုင်၊ ရုပ်မြင်သံကြား၊ သတင်းစာများတွင် တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များမှ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တံတားဦးမြို့နယ်တွင် မိုးရာသီ သီးနှံမျိုးစုံ(၁၄၆၇၆၄)ဧကကျော် လျာထားစိုက်ပျိုးမည်

တံတားဦး ဇူလိုင် ၃



တံတားဦးခရိုင် တံတားဦးမြို့နယ် ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်သူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီ အလိုက် သီးနှံများကို စိုက်ပျိုးကြသည်။ ယခုနှစ် မိုးရာသီတွင် ဆည်ရေသောက်၊ ကန်ရေသောက်၊ လျှပ်စစ်မြစ်ရေတင်နှင့် မိုးကောင်းသောက်စနစ်များဖြင့် တံတားဦးမြို့နယ်တွင် မိုးရာသီ သီးနှံမျိုးစုံ ၁၄၆၇၆၄ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၆ သို့ ✡

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များထွက်ပေါ်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့်ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင်

| | | |
|---|---|---|
| စပိန် | - | ဂျာမနီ |
| ပေါ်တူဂီ | - | ပြင်သစ် |
| နယ်သာလန် | - | တူရကီ |
| အင်္ဂလန် | - | ဆွစ်ဇာလန် |




ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကို လာမည့် ဇူလိုင် ၅၊ ၆၊ ၇ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၁၀၊ ၁၁ရက်နှင့် ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၅ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)